**ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ**

**၁၉၇၃ ခုနှစ်၊ စီးပွါးရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဆောင်ရွက်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ**

**[၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၂]**

**ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တော်သလင်းလဆုတ် ၁၅ ရက်။**

**(၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။)**

အောက်ဖေါ်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

၁။ ။ (၁) ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ စီးပွါးရေး စီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဆောင်ရွက်မှု ရည်မှန်းချက်များ ဆိုင်ရာဥပဒေ ဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၇၃-၇၄ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ရမည်။

၂။ ။မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပထမအကြိမ်ညီလာခံက ချမှတ်ပြဋ္ဌာန်းခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွါးရေးစီမံကိန်း လမ်းညွှန်မှုများတွင် ပါရှိသည့် နှစ်ရှည်ရည်မှန်းချက်နှင့် ပထမလေးနှစ် စီမံကိန်း (၁၉၇၁-၇၂ မှ ၁၉၇၄-၇၅) ၏ရည်မှန်းချက်များကို ရရှိစေရန်အလို့ငှါ၊ ပထမလေးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၇၃-၇၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ရရှိနိုင်ရန်အတွက် ယင်းကဏ္ဍနှင့် တပြေးတည်းယှဉ်၍ ဖေါ်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက်အကောင်အထည် ဖေါ်ကြရမည်။

ဦးနေဝင်း၊
ဥက္ကဋ္ဌ
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တော်သလင်းလဆုတ် ၁၅ ရက်။
(၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။)

အမိန့်အရ၊
(ပုံ) ဒုတိယဗိုလ်မှူးကြီး မြကျော်။
အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

Myanmar Law Information System (MLIS)

----- **Attachment** -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ၁၉၇၃-၇၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရည်မှန်းချက်များ

Myanmar Law Information System (MLIS)